**People Defense Force (Taze)**

**တန့်ဆည်မြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့**

ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိပါရန်တိုက်တွန်းခြင်း

ကြေညာချက်အမှတ် - ၅ / ၂၀၂၁

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဇွန်လ (၃၀) ရက်

နိုင်ငံတော်၏အာဏာကို လက်နက်အားကိုးယူဆောင်ထားသော အကြမ်းဖက်စစ်ကောင်စီသည် ကျေးရွာများကိုမီးရှို့ဖျက်ဆီးခြင်း၊ အရပ်သားများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များအား သတ်ဖြတ်ယူဆောင်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများအား ဖျက်ဆီးခြင်းကဲ့သို့သော လူမဆန်သည့်လုပ်ရပ်များအား လုပ်ဆောင်နေသည်ကို နိုင်ငံတစ်ဝန်းရှိပြည်သူများ ခံစားနေကြရသည်။ တန့်ဆည်မြို့နယ်ရှိ ကျေးရွာ/ရပ်ကွက်များသည်လည်း အဆိုပါစစ်အကြမ်းဖက်မှုများကို အချိန်မရွေးကြုံတွေ့ရနိုင်ပေသည်။ တန့်ဆည်မြို့နယ်ပြည်သူများအနေဖြင့် အရေးပေါ်ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းဆောင်တာများအား ကြိုတင်ပြင်ဆင်ထားနိုင်ပါရန် တိုက်တွန်းအပ်ပါသည်။

၁။ ရပ်ကွက်/ကျေးရွာအလိုက် ဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ကို သင့်တော်သောလူဦးရေဖြင့် ဖွဲ့စည်းထားရန်။ ဖွဲ့စည်းရာတွင် ရပ်ကွက်/ကျေးရွာ၏လုံခြုံရေးကို ထိပါးစေမည့် စစ်ကောင်စီထောက်ခံသူ သူလျှို/ဒလန်များအား ချန်လှပ်ထားခဲ့ရန်။

၂။ ရပ်ကွက်/ကျေးရွာအလိုက် အိမ်ထောင်စုလူဦးရေစာရင်း၊ ထိခိုက်လွယ်အုပ်စုလူဦးရေစာရင်း၊ နေရာပြောင်းရွှေ့သွားလာရာတွင် အကူအညီလိုအပ်နေသူစာရင်းများပြုစုထားပြီး အဖွဲ့မှ သိမ်းဆည်းထားရန်။

၃။ အစုအဖွဲ့အလိုက် ယာယီရွှေ့ပြောင်းခိုလှုံနိုင်မည့်နေရာ၊ ပုံးခိုလှုံနိုင်သောနေရာများ၊ လုံခြုံသောထွက်ပေါက်လမ်းကြောင်းများ၊ စုရပ်များအား စီမံထားရှိရန်။

၄။ အိမ်ထောင်စုအလိုက် စားနပ်ရိက္ခာအတွက် အနည်းဆုံး (၂) ပတ်စာ ကြိုတင်စုဆောင်းထားရန်။ (ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် အခြောက်အခြမ်းများ၊ ဆီသွတ်ဘူးများ၊ ခေါက်ဆွဲခြောက်၊ မုန့်ခြောက်များ)

၅။ အရေးပေါ်သုံးဆေးဝါးများ၊ သောက်သုံးနေကျဆေးဝါးများ၊ ကလေးသူငယ်များအတွက် ဖြည့်စွက်စာများ ကြိုတင်စုဆောင်းထားရန်။

တန့်ဆည်မြို့နယ်ပြည်သူများအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန၏ အချိန်နှင့်တပြေးညီ ထုတ်ပြန်သော လမ်းညွှန်ချက်များအား သိရှိလိုက်နာရန်တိုက်တွန်းအပ်ပါသည်။

"အရေးတော်ပုံအောင်ရမည်"

People Defense Force (Taze)